သာစည်မြို့နယ်

ဘွဲ့ခြားကျေးရွာအုပ်စု၊ဘွဲ့ခြားကျေးရွာ

ဘွဲ့ခြားကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘွဲ့ခြားကျေးရွာ၊သာစည်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ ၂

စကားချီး ၃

သာစည်မြို့နယ်၊ **ဘွဲ့ခြားကျေးရွာအုပ်စု၊ဘွဲ့ခြားကျေးရွာ၏သယံဇာတပြမြေပုံ** ၄

သာစည်မြို့နယ်၊ **ဘွဲ့ခြားကျေးရွာအုပ်စု၊ဘွဲ့ခြားကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်** ၅

သာစည်မြို့နယ်၊ **ဘွဲ့ခြားကျေးရွာအုပ်စု၊ဘွဲ့ခြားကျေးရွာ၏ ရွာတွင်း/ပြင်** ၆

ချိတ်ဆက်မှုပြပုံ

၁။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထား ၇

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၉

(ခ) မွေးမြူရေးလုပ်ငန်း ၁၀

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၁၀

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၀

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၁

(ခ) ကျေးရွာမီးလင်းရေး ၁၂

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၂

၆။ ပညာရေး ၁၂

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၅

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ၁၅

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ (၄၈) ဧယား ၁၇
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဧယား ၆၂
- နောက်ဆက်တွဲ ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၆၅

- **စကားချီး**

ဘွဲ့ခြားကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက် မည့် ကျွန်ုပ်တို့ကျေးရွာ ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၂၀-၂၀၂၄) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာသောက်သုံးရေ ရရှိရေး လုပ်ငန်းအား ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအား လည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏာန်း အချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်

အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ ဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘွဲ့ခြား ကျေးရွာ၊ သာစည်မြို့နယ်

သာစည်မြို့နယ်၊ ဘွဲ့ခြားကျေးရွာအုပ်စု၊ ဘွဲ့ခြားကျေးရွာ၏သယံဇာတပြမြေပုံ



သာစည်မြို့နယ်၊ ဘွဲ့ခြားကျေးရွာအုပ်စု၊ ဘွဲ့ခြားကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



သာစည်မြို့နယ်၊ ဘွဲ့ခြားကျေးရွာအုပ်စု၊ ဘွဲ့ခြားကျေးရွာ၏ ရွာတွင်း/ ပြင်ပ ချိတ်ဆက်မှုပြပုံ



၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

ဘွဲ့ခြားကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည် မြို့နယ် ဘွဲ့ခြားကျေးရွာအုပ်စုတွင် ပါဝင်သည့် သာစည်မြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး မြောက်ဘက်တွင် ရင်းဇင်းကျေးရွာနှင့် ထိစပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ဘွဲ့ခြားကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ လယ်မြေထက် ယာမြေဧက ပိုများပါသည်။ ယာမြေများမှာ သဘာဝမြေဩဇာ အသုံးပြုမှု နည်းသည့် အတွက် မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

ဘွဲ့ခြားကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု ပစ္စည်းများ မထွက်ရှိပါ။ သဘာဝ အပင်မျိုးစိတ်များအနေဖြင့် အလယ်ပိုင်း အပူပိုင်းဒေသဖြစ်သောကြောင့် မန်ကျည်းပင်၊ တမာပင်၊ ထနောင်းပင်နှင့် ကုက္ကိုပင်စသည့် အရိပ်ရပင် များကို တွေ့ရပါသည်။ ဆေးဘက်ဝင်အပင်အဖြစ် ရှားစောင်းလက်ပက်ပင်နှင့် ကြိတ်မှန်ပင်တို့ ပေါက်ရောက်ပါသည်။ သဘာဝ အပင်များ ပေါက်ရောက်မှု နည်းပြီး ကန္တာရဆူးပင်များ ပေါက်ရောက်မှု များသည်။ ခို၊စာကလေး၊ ဆက်ရက်၊ ကျီးကန်း၊ ယုန်နှင့် ဇီးကွက်၊ တောက်တဲ့ စသည့် တောကောင် များလည်း တွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်အိမ်ခြေ (၂၅၈)အိမ်၊အိမ်ထောင်စု (၂၅၈)စု၊လူဦးရေကျား (၅၉၃) ဦးနှင့်မ (၆၆၃) ဦး စုစုပေါင်း (၁၂၅၆) ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့်(၅) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦးထက် များပါသည်။ နို့စို့ အရွယ်၀.၂%၊ ၅ နှစ်အောက် ကလေးငယ် (၃.၄)%၊ မူလတန်းကျောင်းသားအရွယ် (၈.၄)%၊ အလယ်တန်း ကျောင်းသားအရွယ် (၉.၅)%၊ ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၂)%၊ သက်ကြီးရွယ်ကြီး (၉.၃)% စသည်ဖြင့် ရှိပါသည်။ သက်ကြီးရွယ်ကြီး (၉.၃)% ရှိခြင်းသည် ကျေးရွာသူ/ သားများသည် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာ နေထိုင် ကြသည်ကို တွေ့ရှိရပါသည်။

ဘွဲ့ခြားကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ မရှိပါ။ ကျေးရွာ၏ ဆယ်အိမ်ခေါင်းများမှ အလှည့်ကျသာရေးနာရေးသာမက သက်ကြီးရွယ်အိုများအား ငွေကြေး ကန်တော့ခြင်း၊ ဆယ်တန်းအောင် ကျောင်းသားများအား ငွေကြေးဆုချီးမြှင့်ခြင်းနှင့် ကျန်းမာရေး ကဏ္ဍအတွက်လည်း ကူညီစောင့်ရှောက် ကြပါသည်။

ဘွဲ့ခြားကျေးရွာ၏အိမ်ထောင်စုအလိုက် ဥစ္စာဓနအခြေအနေကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စုတွင် ၂၁%၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၂၆%၊ မပြေလည်သော အိမ်ထောင် စု ၃၀%၊ အလွန်မပြေလည်သော အိမ်ထောင်စု ၂၃% ရှိပါသည်။ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းစပါး၊ဝါ၊ မြေပဲအား စိုက်ပျိုးရေး လုပ်ငန်းအားတွဲဖက်လုပ်ကိုင်ကြသောကြောင့် စီးပွားရေး အသင့်အတင့် ပြေလည်ကြပြီးဆင်းရဲချမ်းသာမျှတပါသည်။

အိမ်ထောင်စုအဆင့်(၃) နှင့် (၄) ၏ ၃၀ % ကို စစ်တမ်း ကောက်ယူရာ ဝမ်းစာဖူလုံမှု မရှိသည့်အတွက် လုပ်အားခကြိုယူခြင်းနှင့်သီးနှံအစားထိုးပေးခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၁၅)ခုရှိပြီး မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၁၅)ခုရှိပါသည်။

ကျေးရွာရှိ လူငယ်အချို့သည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေများအတွက် ပြည်တွင်း/ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်သူကျား (၁၆၇)ဦး၊မ(၁၂၇)ဦး၊ပြည်ပ ရွှေ့ပြောင်းလုပ်ကိုင်သူကျား(၃)ဦးမ(၈)ဦးနှင့် စုစုပေါင်းပြည်တွင်း/ပ ရွှေ့ပြောင်း လုပ်ကိုင်သူ (၁၇၀)ဦးနှင့် အိမ်ထောင်စု(၁၃၅)စု ရှိပါသည်။ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုမှာ ၅၄စုခန့်ရှိပါသည်။မှီခိုခြင်းဆိုရာ၌ ပြည်ပနိုင်ငံသို့ သွားရောက်ရန် ကုန်ကျငွေကာမိရန် ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဘွဲ့ခြားကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း၊ တောင်သူ လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ တောင်ယာစိုက်ပျိုးရေး လုပ်ငန်းကို စိုက်ပျိုးမြေ ပိုင်ဆိုင်သော အိမ်ထောင်စု ၈၆% ခန့်မှ လုပ်ကိုင်ကြပါသည်။ လယ်/ယာမြေ (၁၁၁၄.၅)ဧက စုစုပေါင်းစိုက်ပျိုးမြေ (၁၁၁၄.၅)ဧကစိုက်ပျိုးကြပါသည်။ မြေယာပိုင်ဆိုင်မှုအနေဖြင့် ဆင်းရဲသားတောင်သူ(၅၀)ဦး၊

တောင်သူငယ်(၄၃)ဦး၊ တောင်သူလတ်(၅၀)ဦး၊တောင်သူကြီး(၉၀)ဦးရှိပါသည်။ စပါး၊ဝါ၊မြေပဲ စိုက်ပျိုးကြပါသည်။ စပါး (၂၂၈.၅)ဧက၊ ဝါ(၂၀၀)၊ မြေပဲ (၆၈၆)ဧကခန့် စိုက်ပျိုးကြပါသည်။ စပါး၊ဝါတို့မှာ အမြတ်များများ ရရှိသောသီးနှံများဖြစ်ပါသည်။ သီးနှံများအထွက်နှုန်းတိုးစေရန်နှင့် သီးနှံပေါ်ချိန် စျေးနှုန်းမှန်ကန်စွာ ဖြင့် ရောင်းချနိုင်မှသာ အမြတ်များ များ ရရှိနိုင်ပါမည်။

ကျေးရွာတွင် တစ်ဦးချင်းပိုင် ထွန်စက် (၃) ခု၊ လက်တွန်း ထွန်စက်(၁၅)ခု၊ အစေ့ချ ကိရိယာ(၁)ခု၊ခြွေလှေ့စက်(၄)ခု၊ရေစုပ်စက်(၁၂)ခု၊ကို ကျန်တောင်သူ (၆၅)ဦး ခန့်မှ ငှားရမ်း သုံးစွဲကြပါသည်။ မိရိုးဖလာအတိုင်း ခိုင်းနွားအသုံးပြု၍ ထွန်ယက်စိုက်ပျိုးသူများ လည်း ရှိပါ သည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းအချို့ရှိပါသည်။ ရာသီဥတုမမှန် သော်လည်းအသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေများသည် မိုးကောင်းရေသောက်ရေအား အဓိက ထား မှီခိုစိုက်ပျိုးလုပ်ကိုင်သော မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးချေးငွေရယူကြပါသည်။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒသွင်းအား စုများဝယ်ယူနိုင်သည်။ သဘာဝမြေဆွေးမြေဩဇာကိုလည်းအသုံးပြုကြပါသည်။

သီးနှံအမြတ်များစေရန်ရင်ဆိုင်ရသည့် အခက်အခဲများမှာသီးနှံပေါ်ချိန်တွင် သီးနှံများကို လွယ်ကူစွာရောင်းချနိုင်သော်လည်းစျေးနှုန်းမှာမမှန်ကန်ပါ။ သီးနှံဖျက်ပိုးနှင့် ရောဂါပိုးများ အသင့်အတင့် ကျရောက်ပါသည်။ ရေမြေရာသီဥတုမှာမမှန်၍ ရံဖန်ရံခါ မိုးခေါင်တတ်ပါသည်။ စိုက်ပျိုး ရေလုံလောက်စွာမရရှိပါ။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ လွယ်ကူစွာမရရှိနိုင်ပါ။ယာမြေများမှာ မြေဆီလွှာ အရည်အသွေးမကောင်းပါ။ တောင်သူများအနေဖြင့် မိုးခေါင်ခြင်း။ဖြစ်ပေါ်ပါက စိုက်ပျိုးရေ မလုံလောက်၍သီးနှံဖြစ်ထွန်းမှုနည်းပြီး ဝင်ငွေထိခိုက်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အသုံးပြုရန် နွားနှင့်နို့စားနွားကို မွေးမြူ ကြပါသည်။ တစ်အိမ်ထောင်လျှင် နွားကို(၁) ကောင်မှ(၃)ကောင်ထိ မွေးမြူကြပြီး (၅)ကောင် (၆) ကောင်ထိ မွေးမြူသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကြက်နှင့်ဝက်ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ တစ်အိမ်ထောင်လျှင် ကြက်(၁)အုပ်(၂)အုပ်မှသည် (၄)အုပ် (၅)အုပ်ထိရှိပါသည်။ ငါး၊ ပုဇွန်မွေးမြူရေးမရှိပါ။

မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ ရေ၊ မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများအား လက်လမ်းမှီပါသည်။မွေးမြူရေး ချေးငွေသီးသန့်မရှိသော်လည်း သမချေးငွေ ကဲ့သို့ ချေးငွေ လက်လှမ်းမီပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများမရှိပါ။ မွေးမြူရေးကို စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ဘွဲ့ခြားကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး တစ်နိုင် တစ်ပိုင် မွေးမြူရေးလည်း လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရစီးပွားရေး လုပ်ငန်း အနေဖြင့်မရှိပါ။

၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ချေးငွေ ရယူသူများရှိပါသည်။ လယ်ယာ မြေပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူကြပြီး ချေးယူသည့် တောင်သူ (၉၈%) ခန့် ရှိပါသည်။ နေ့စား၊အလုပ် သမားများအနေဖြင့် ကျန်းမာရေး၊ပညာရေးတို့အတွက် ဆွေမျိုးနှင့်ငွေတိုးပေးသူထံမှ ချေးယူကြသည် လည်းရှိပါသည်။ အတိုးနှုန်းမှာ ၅% မှ ၁၀% ထိ ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဘွဲ့ခြားကျေးရွာတွင်းရှိ လမ်းများသည် ကျောက်ခင်းလမ်းများဖြစ်ပါသည့် အတွက် မိုးတွင်းကာလများတွင်သွားလာရန် အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းများ ရေရှည်တည်တံ့ရန် ရေဆိုးထုတ်မြောင်းများစနစ်တကျ တူးဖော်ရန်လိုအပ်ပါသည်။ ကျေးရွာချင်းဆက် လမ်းများမှာကျောက်ချောလမ်းဖြစ်သည့်အတွက် သွားလာရအဆင်ပြေပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးများပါသည်။ စက်ဘီးကို ကျောင်းသား/ သူများမှ သုံးစွဲကြပြီး နွားလှည်းကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ စက်ဘီး (၁၂၉) စီး၊ မော်တော်ဆိုင်ကယ် (၂၉၅) စီး နှင့် သုံးဘီးဆိုင်ကယ် (၂) စီးနှင့် နွားလှည်း (၈၀) စီး ရှိပါသည်။

ဘွဲ့ခြားကျေးရွာနှင့် (၁)မိုင်မှ(၅) မိုင်ခန့်အကွာတွင် သာစည်မြို့စွေး ရှိပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် စွေးကွက်လက်လှမ်းမှီပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသောအိမ်ထောင်စုများလည်းရှိပြီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဆိုလာစနစ်ဖြင့်အသုံးပြုကြပါသည်။

၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှ လည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်းပိုင်ဆိုင်မှု အနေဖြင့် (၆၇၅) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါသည်။ ရေဒီယို (၂) ခု၊တီဗွီ (၉၄) ခု၊ စလောင်း (၇) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်းများ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

ဘွဲ့ခြားကျေးရွာတွင် ကျောင်းနေအရွယ်လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ် ရာ မူလတန်းအဆင့်ရှိသူ၃၈% အလယ်တန်းအဆင့်ရှိသူ ၅၁% အထက်တန်းအဆင့်ရှိသူ ၈% တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ၁၀% ရှိပါသည်။ ရွေးယခင်ကပညာရေးကိုအားမပေး၊ အလေးထားမှု နည်းပါးသောကြောင့် ပညာတတ် နည်းပါးရခြင်းဖြစ်ပါသည်။ စာမတတ် သူပပျောက် ရေးအစီအစဉ်များ ဖြင့် ကျေးရွာများသို့ ကွင်းဆင်းသင်ကြားပေးမှုကြောင့် စာမတတ်သူမရှိပါ။

ကျောင်းတတ်နှုန်းအနေဖြင့် မူလတန်းတွင် (၈၀)ဦး၊ အလယ်တန်းတွင် (၁၀၀)ဦး၊ အထက်တန်းတွင် (၂၉)ဦး ၊တက္ကသိုလ်/ကောလိပ်အဆင့်တွင်(၃၀)ဦးရှိပါသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၃)ဆောင်ရှိပါသည်။ ကျောင်းဆရာ/ မ နှင့်ကျောင်းသုံးပရိဘောဂများလုံလောက်ပါသည်။ မိဘဆရာ အသင်းမှာကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေး များတွင် ပါဝင်ပါသည်။ ကျေးရွာတွင် အခြေခံပညာ

မူလတန်းကျောင်းရှိသောကြောင့် မူလတန်းကျောင်း ထွက်နှုန်း မရှိပါ။ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရပါသည်။ မိသားစု စားဝတ်နေရေးအခက် အခဲကြောင့် အလယ်တန်းနှင့်အထက်တန်း ကျောင်းထွက်နှုန်းအနည်းငယ်သာရှိပါသည်။ အလယ်တန်း နှင့် အထက်တန်းကို လျော်ဖြူကုန်း ကျေးရွာ တွင် တက်ရောက်ကြပါသည်။

ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။ လူငယ်များအတွက် စာကြည့်တိုက်၊ ပျော်ပွဲရွင်ပွဲ၊ အနားယူ အပန်းဖြေရန်နေရာများ မရှိပါ။ အားကစား အနေဖြင့် ဘောလုံးကန်ခြင်းကိုသာ လုပ်ငန်းခွင် သိမ်းချိန်တွင် ကစားကြပါသည်။ အားကစားနှင့် ကာယ လေ့ကျင်းခန်း ပြုလုပ်ရန်နေရာ မရှိပါ။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ကျေးရွာမှ (၁) မိုင်ခန့် အကွာတွင် ဟံဇေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ ရွာ၏အရှေ့တောင်ဘက်တွင် ရွာကြီးဆေးပေးခန်း တည်ရှိပါသည်။ သာမန်ဖျားနာ လူနာများ၊ ကိုယ်ဝန် ဆောင်မိခင်များအတွက် ကျန်းမာရေး ကုသရန် လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွား တတ်ပါသည်။ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အိုအချို့တွင် ဖြစ်ပွားပါသည်။ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ဆရာမများကျေးရွာသို့ လာရောက်၍ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေး ပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်အဝိစိတွင်း စက်တွင်းများ ၅၈တွင်း ခန့်၊မိုးရေသိုလှောင်ကန်(၅၀)၊ ရေကန်၂ကန်ရှိပြီး ရေချို့ထွက်ရှိသဖြင့် သောက်သုံးရေအနေဖြင့်အခက်အခဲမရှိပါ။

ကျေးရွာအိမ်ထောင်စု (၂၁၆)ကျော်ခန့်မှာ ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ အိမ်ခြေ (၄၂)ခန့်မှာ အိမ်သာမရှိပါ။ ကျေးရွာမှ စွန့်ပစ် အမှိုက်များကိုရွာနှင့် (၁) ဖာလုံခန့် အကွာ အနောက်ဘက်တွင် စွန့်ပစ်အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ် ပြီး ကိုယ်ထူကိုယ်ထ စွန့်ပစ်ဖျက်ဆီးကြပါသည်။ စနစ်တကျမဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုး များ ကျရောက်လေ့ရှိပြီး နည်းပညာဗဟုသုတ နည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ် နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်

ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

၉။ ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေး ပေးထား သော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန် ကုန်တတ်ကြပါသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်း ဖက်မှုဆိုင်ရာ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရား မျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါ သည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများ အနေဖြင့်အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ တန်းတူ ဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို အဓိက ဆောင်ရွက်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေး နေ့စားလုပ်အားခများမှာ အမျိုးသားများသည် တစ်နေ့လျှင် အများဆုံး ငွေ ကျပ် ၅၀၀၀/-၊ အမျိုးသမီးများသည်လည်း တစ်နေ့ လျှင် အများဆုံး ငွေ ကျပ် ၄၀၀၀/-၊ ဖြစ်ပြီး အနည်းဆုံး မှာ ငွေကျပ် ၃၀၀၀/- ဖြစ်ပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှု များပြီး ယခုအခါ အမျိုးသား၊အမျိုးသမီးမခွဲခြားဘဲပညာရေးကိုအားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိ ချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြ ပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝ ဘေးအန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံ ထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ဘွဲ့ခြားကျေးရွာအုပ်စု၊ ဘွဲ့ခြားကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ကျေးရွာတွင်းလမ်းကွန်ကာရစ်ခင်းခြင်း	၁	Â				
၂	ကျေးရွာပိုင်ကန်ပြုပြင်ခြင်း	၂		Â			
၃	ကျန်းမာရေးကုသရန်စံကိုက်ဆေးခန်းဆောက်လုပ်ရန်	၃			Â		
၄	စာသင်ကျောင်းမြေဝယ်ယူရန်	၄				Â	
၅	အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန်	၅					Â
၆	ပညာရေးဝန်ထမ်းအိမ်ဆောက်လုပ်ရန်	၆				Â	
၇	ကျေးရွာကျွဲ၊နွား၊သောက်သုံးရေကန်ပြုပြင်ရန်	၇					Â

နောက်ဆက်တွဲ (၁)

သာစည်မြို့နယ်၊ ဘွဲခြားကျေးရွာအုပ်စု၊ ဘွဲ့ခြားကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်မောင်ထွန်း	ဦးညီမောင်	၉/ သစန (နိုင်) ၀၅၅၆၁၅	၅၉	ဥက္ကဋ္ဌ	၀၉ - ၄၀၀၁၂၉၃၄
၂	ဦးဝင်းမောင်	ဦးပေါ်ထွန်း	၉/ သစန (နိုင်) ၀၅၅၁၄၀	၅၃	အတွင်းရေးမှူး	၀၉-၇၉၂၉၃၈၇၃၈
၃	ဦးလှသန်းစိန်	ဦးစိန်တုံး	၉/ သစန (နိုင်) ၀၅၆၁၃၇	၅၁	ဘဏ္ဍာရေးမှူး	၀၉-၃၈၂၈၂၅၉၈၀
၄	ဒေါ်ခင်ဝင်းမော်	ဦးဝင်းမောင်	၉/ သစန (နိုင်) ၁၂၀၂၀၃	၄၁	စာရင်းကိုင်	၀၉-၄၀၀၂၀၃၅၇၅
၅	ဦးမြင့်စိုး	ဦးဖိုးသောင်း	၉/ သစန (နိုင်) ၀၅၅၄၅၃	၆၃	သေ့ကိုင်	၀၉-၇၉၂၉၄၀၄၁၈
၆	ဦးပြုံးကျော်	ဦးမာဒင်	၉/ သစန (နိုင်) ၁၅၀၂၇၄	၅၆	အဖွဲ့ဝင်	၀၉-၂၆၂၃၇၂၇၉၀
၇	ဦးမြင့်ထွန်း	ဦးတင်အေး	၉/ သစန (နိုင်) ၁၀၁၃၈၉	၅၄	အဖွဲ့ဝင်	၀၉-၉၆၂၁၉၃၀၅၈
၈	ဒေါ်အမာရှိန်	ဦးဒတ္တား	၉/ သစန (နိုင်) ၀၅၅၆၇၂	၅၇	အဖွဲ့ဝင်	၀၉-၄၂၄၃၅၅၇၂၂
၉	ဒေါ်ရွှေဥ	ဦးတင်လှိုင်	၉/ သစန (နိုင်) ၀၅၅၀၃၇	၅၆	အဖွဲ့ဝင်	၀၉-၆၆၈၅၄၂၀၀၅
၁၀	ဒေါ်ရီသန့်	ဦးထွန်းရှိန်	၉/ သစန (နိုင်) ၁၆၃၂၈၆	၅၀	အဖွဲ့ဝင်	
၁၁	ဒေါ်ကြည်စိန်	ဦးကျော်ဟန်	၉/ သစန (နိုင်) ၀၅၅၄၈၀	၆၀	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၀	၂	၂
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၅	၁၈	၄၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၀	၄၆	၁၀၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၃	၅၆	၁၁၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၅	၄၆၄	၈၆၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၀	၇၇	၁၁၇
စုစုပေါင်း		၅၉၃	၆၆၃	၁၂၅၆
စုစုပေါင်း အိမ်ထောင်စု		**၂၅၈**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်၁နှစ်အောက်နို့စို့အရွယ် နည်းပါးပြီးအလုပ်လုပ်နိုင်သည့် အရွယ်များပြား သည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိက အလုပ်အကိုင်**	**အဓိက**	**ရပ်တည်နိုင်မှု**

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၂၄၀		မြင့် ? လတ်?နိမ့်?
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့်?လတ်?နိမ့်?
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၅	၆၀	၀	မြင့်?လတ်?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်??လတ်??နိမ့် ?
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၁၄	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၂၀	၆၆	၀	မြင့် ?လတ် ?နိမ့် ?

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၁၂	၂၄	၀	မြင့် ?လတ် ?နိမ့် ?
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၃၅	၄၀	၀	☒
	အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးအဓိက ထားလုပ်ကိုင်ပီးမွေးမြူရေးနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူများလည်းရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် **(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကျားမလုပ်အားခ တန်ဖိုးအနည်းငယ် ကွာဟမှုရှိပါသည်။ လုပ်ငန်းပေါ်မူတည်၍ကွာခြားရခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)**
လယ်မြေ	၈၈၆	ကောင်း □□□□သင့် ✔ ညံ့ □
ယာမြေ / တောင်ယာမြေ	၂၂၈.၅	ကောင်း □ သင့် ✔ ညံ့ □
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
ခနိတောမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ	၁၀	ကောင်း □ သင့်□□□□ညံ့ □
မြေလွတ်မြေလပ်	၁	ကောင်း □ သင့် ✔ ညံ့ □
စုစုပေါင်း	၁၁၄.၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေနှင့်ယာမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်သည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ သင့် နည်း မရှိ ✔	လွယ်ခက် အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များသင့်နည်း မရှိ ✔	လွယ်ခက် အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များသင့် ✔ နည်း မရှိ	လွယ်ခက် ✔ အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ✔ သင့်နည်း မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သတ္တုတွင်းထွက်များမရှိပါ။ သဘာဝအပင်မျိုးစိတ်အနေဖြင့် ကုက္ကိုပင်၊ ထနောင်းပင်၊တမာပင်၊မန်ကျည်းပင်များပေါက်ရောက်ပီးတိရစ္ဆာန်မျိုးစိတ်အနေဖြင့် ကျီး၊ဆက်ရက်၊ စာကလေးစသည့်မျိုးစိတ်များအသင့်အတင့်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေးလုပ်ငန်း				
အိမ်ထောင်စု	၅၅	၆၇	၇၅	၅၈

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု(၅၅)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၆၇)၊မပြေလည်သောအိမ်ထောင်စု(၇၅)၊အလွန်မပြေလည်သောအိမ်ထောင်စု(၅၈)ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၃၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၁၅ လုပ်အားခကြိုယူ = ၁၅
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၀ လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု အိမ်ထောင်စု၃၀ရှိပြီး ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့်ဖြေရှင်းကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၅		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၁၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကူညီစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမရှိပါ။ အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်နေသည့်အိမ်ထောင်စု(၁၀)အိမ်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ □
၃	ရေကြီးခြင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၄	မိုးခေါင်ခြင်း	မြင့်□□□လတ် ✔ နိမ့်□□□□မရှိ□
၅	အအေးလွန်ကဲခြင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၆	မုန်တိုင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၇	ငလျင်	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၈	မီးဘေး	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၉	ဆားငန်ရေဝင်မြေ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၂	၄င်္ဂါဖျားရောဂါ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	တီဘီရောဂါ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်□□□လတ်□□□□နိမ့် □□□□ မရှိ ✔
၁၇	လူကုန်ကူးခြင်း	မြင့်□□□လတ်□□□□နိမ့် □□□□ မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□□□လတ်□□□□နိမ့်□□□□မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရေကြီးခြင်း၊မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်းများမရှိပါ။ ထိခိုက်လွယ်မှု အနေဖြင့်အသင့်အတင့်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□□□လတ် ✔ နိမ့်□□□မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□လတ်□□□□နိမ့်□□□မရှိ ✔
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□လတ်□□□□နိမ့် ✔ မရှိ□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါ သနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ဆင်းရဲသားတောင်သူ၊ လက်လုပ်လက်စား ကျပန်းများနှင့်လှည့်လည်သွားလာ၍စျေးရောင်းသူများအများဆုံးထိခိုက်သည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁ □ ၂ □✓ ၃ □	၁၀	၀	၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□	ကောင်း□□ သင့် ✔ ညံ့□□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး	
၂	ပရဟိတအဖွဲ့	၁ ၂ ✓ ၃	၂၀	၁၀	၃၀	ပညာရေး၊ဂွေကြေး ကျန်းမာရေး၊ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ✔ ညံ့
၃	ဓမ္မစကြာအဖွဲ့	၁ ၂ ✓ ၃		၁၀	၁၀	ပညာရေး၊ဂွေကြေး ကျန်းမာရေး၊ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ✔ ညံ့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်းမရှိသော်လည်း ဆယ်အိမ်ခေါင်းများဖြင့် အလှည့်ကျသာရေး/နာရေးကိုလုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ □□၂ □□၃ □□၄ □၅ □၆ □□၇ □□၈ □	ပညာရေး□□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁ □□၂ □□၃ □□၄ □၅ □၆ □□၇ □□၈ □	ပညာရေး□□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □၂ □□၃ □□၄ □၅ □၆ □□၇ □□၈ □	ပညာရေး□□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၄၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၉၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		**၂၅၈**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တောင်သူကြီးအိမ်ထောင်စုများပြားပီး မြေယာမဲ့အိမ်ထောင်စုနည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရေအရင်းအမြစ်များဖြင့်ရေသောက်ဧကမရှိသော်လည်း မိုးကောင်းရေသောက် များဖြစ်သည့်အတွက် မိုးရေအဓိကထားစိုက်ပျိုးကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၂၂၈.၅	တင်း	၄၀	၇၀	၄၀	ဩဂုတ်	ဒီဇင်ဘာ	မြင့်□□□□လတ်□ နိမ့်□	မြင့်□□□□လတ်□ နိမ့်□
ဝါ	၂၀၀	ပိဿာ	၁၈၀	၂၅၀	၇၀	ဇွန်	နိုဝင်ဘာ	မြင့်□□□□လတ်□ နိမ့်□	မြင့်□□□□လတ်□ နိမ့်□
မြေပဲ	၆၈၆	တင်း	၂၀	၃၅	၆၀၀	ဇွန်	ဒီဇင်ဘာ	မြင့်□□□□လတ်□ နိမ့်□	မြင့်□□□□လတ်□ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဝါ၊စပါး၊မြေပဲတို့အများဆုံးစိုက်ပျိုးကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၃	၀	၀	၆၅
လက်တွန်းထွန်စက်	၁၅	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၄	၀	၀	၀
ရေစုပ်စက်	၁၂	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးသုံးကိရိယာများအနည်းငယ်သာ ပိုင်ဆိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□□ကောင်း□□သင့်တင့်မျှတ✔မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□□ကောင်း ဒီဇင်ဘာ သင့်တင့်မျှတ✔မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□□□□အသင့်အတင့်ရှိ✔မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□□□□ရသည်✔မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□□□□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✔မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည်✔မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည်✔မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည်✔မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည်□□□□မဖြေဆိုပါ✔
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✔မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန်ရေမြေရာသီဥတုအသင့်အတင့်ရှိခြင်း၊ လယ်ယာမြေအသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေးအရင်းအမြစ်ရှိခြင်းစသည့်အခွင့်အလမ်းများရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□□□ရာသီဥတုမမှန်□□□□မဖြေဆိုပါ✔
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□□လယ်ယာမြေဆုံးရှုံးမှုများသည်□□လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□□ပလပ်မြေများရှိသည်□ပလပ်မြေအသင့်အတင့်ရှိသည်□□□□မဖြေဆိုပါ✔
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်✔လုံးဝမရ□□□□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✔□လုံးဝမရ□□□□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်✔လုံးဝမရ□□□□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်□□□□လုံးဝမရ□□□□မဖြေဆိုပါ✔
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□□□□လုံးဝမရ□□□□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်✔လုံးဝမရ□□□□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်□□□□လုံးဝမရ✔မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ□သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ✔မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □အသင့်အတင့်ကျ ✔အနည်းငယ် □မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၅၀	၆၀၀
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၃	၆၀
သိုး	၀	၀
ဝက်	၀	၀
ကြက်	၁၀	၃၀
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွားအများဆုံးမွေးမြူကြပြီးငါးလုပ်ငန်းလုပ်ကိုင်သူ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဧယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□□□□အသင့်အတင့်✔မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်□□□□အသင့်အတင့်ရနိုင်✔မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□□□□ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□□□□မဖြေဆိုပါ✔
